# မြစ်ကူးဇာတ်လမ်းပုံပြင်ကို သရုပ်ဖော်ခြင်း

မြစ်ကမ်းပါးများ ဖြစ်ရန် ကြမ်းပြင်ပေါ်တွင် မြေဖြူသုံး၍ မျဉ်းကြောင်း နှစ်ကြောင်း ဆွဲပါ။

**သရုပ်ဖော်ပြသခြင်း**
မြစ်ကမ်းပါးများ ဖြစ်ရန် ကြမ်းပြင်ပေါ်တွင် မြေဖြူသုံး၍ မျဉ်းကြောင်း နှစ်ကြောင်း ဆွဲပါ။ နင်းကျောက် များကို ကိုယ်စားပြုသော စက်ဝိုင်း နှစ်ခု နှင့် ကျွန်းကို ကိုယ်စားပြုရန် အလယ် ၌ ပိုကြီးသော စက်ဝိုင်းပုံဆွဲပါ။

ဖြစ်ရပ်၁- လူနှစ်ယောက် မြစ်ထဲကိုလာပြီး ကူးချင်ပေမဲ့ ဘယ်လိုရေကူး ရမယ်ဆိုတာ မသိကြဘူး။ ရေစီးကြောင်း အားကောင်း နေပြီး ဖြတ်ကျော်ရန် သူတို့ကြောက်ရွံ့နေကြသည်။ ပြင်ပ လူတယောက် လာပြီး သူတို့ရဲ့ အခက်အခဲ တွေကိုမြင်တယ်။ သူက သူတို့ကို နင်းကျောက်များ (မြစ်ထဲရှိရေတိမ်ပိုင်းများ) ကို အသုံးပြု၍ ဖြတ်ကျော်ရန် ကမ်းလှမ်းသော်လည်း သူတို့သည် ကြောက်ရွံ့နေကြသည်။ သူက သူ၏ကျောက်ကုန်းပေါ်၌ ထမ်း၍ သယ်ဆောင်ရန် သဘောတူသော်လည်း၊ အလယ်၌ ရှိသော ကျွန်းသို့သာ ရောက်နိုင်သည်။ ထိုနေရာ ၌ ပထမ လူကို ထားပြီး၊ နောက်တယောက်စောင့်နေသော နေရာကို ပြန်သွားသည်။

ဖြစ်ရပ် ၂- အပြင်လူသည် မြစ်ကမ်းပါး၌ စောင့်ဆိုင်းနေသော ရွာသူရွာသား ထံသို့ ပြန်သွားသော် လည်း ယခုသူ့ကိုသယ်ဆောင်ရန် ပင်ပန်းနေသည်။ သူသည် ဒုတိယ လူကို သယ်ဆောင်ရန် ငြင်းဆန်သော်လည်း ကျောက်တုံး များ (သို့မဟုတ် ရေတိမ်ပိုင်း) တွင် မည်ကဲ့သို့ လမ်းလျှောက် ရမည် ကို ပြသ၍ ကူညီရန် သဘောတူသည်။ ခရီးတဂက် ဖြတ်ကျော်လာချိန် တွင် ရွာသား သည် မိမိ ကိုယ်ကို မိမိ စီမံ ခန့်ခွဲရန် လုံလောက်သော ယုံကြည်မှု ရှိလာသည်။ ဒုတိယ ရွာသား နှင့် ပြင်ပလူသည် မြစ်ကို ဖြတ်ကူး ကြသော်လည်း ပထမ ရွာသား မှာ ကျွန်းပေါ်တွင် ကျန်ရှိနေဆဲဖြစ်သည်။ သူသည် အကူအညီရရှိရန်အတွက် အော်ဟစ်သည်။ အပြင်လူ က လမ်းလျှောက်ထွက်သွားပြီး ဒုတိယ ရွာသားကို နောက်တခေါက်သွားပြီး ကျွန်းပေါ်မှာ ရှိသော ရွာသား ကို ကျောက်ခဲတွေ၊ ရေတိမ်ပိုင်းတွေ မှာ ဘယ်လို လမ်းလျှောက်ရမယ်၊ ကမ်းခြေကို ဘယ်လို သွားရမယ် ဆိုတာကို ညွှန်ပြဖို့ ညွှန်ကြားထားသည်။

SHOWD မေးခွန်းများ…….

S= သင်ဘာကို**မြင်**သနည်း။
H= ဘာတွေ<u>**ဖြစ်ပျက်**</u>ခဲ့သနည်း။

မြစ်ဖြတ်ကူးအခန်းကဏ္ဍမှ အချက်များ-

၁. သင်သည်လူတစ်ဦးကိုသယ်ဆောင်သောအခါ သူတို့ ကိုယ်သူတို့ အတွက် ကျွမ်းကျင်မှု များကို လေ့လာသင်ယူခြင်းမရှိပေ။

၂. အကယ်၍ သင်သည် တစ်စုံတစ်ယောက် ကို တစ်စုံတစ်ရာ လုပ်ဖို့သင်ပေးမယ်ဆိုရင် သူက သူတစ်ပါးကိုပြန်လည်၍သင်ပေးနိုင်အောင်သင်ပေးပါ။ ထိုအရာကို တိုးပွားများပြားလာခြင်း ဟုခေါ် သည်။

၃. တစ်ခါတစ်ရံ တစ်စုံတစ်ဦးအတွက် တစ်စုံတစ်ခုပြုလုပ်ပေးခြင်းဖြင့် အကောင်းထက်သာ၍ ထိခိုက်နစ်နာစေခြင်းကို ပြုလုပ်သွားနိုင်သည်။

၄. သတိပြုစောင့်ကြည့်သောအခါ  သင်သည် ၎င်းကိုသင်ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့်သာ၍ လေ့လာသင်ယူသည်။

၅. ကြီးထွားတိုးတက်ခြင်းအစီအစဉ်ကိုလုပ်ဆောင်သောသူသည်လူများအာသူနားလည်သိရှိသော အကြောင်းအရာကိုသင်ကြားပေးခြင်းမရှိဘဲထိုဖြစ်ပွားရာကိုချန်ရစ်ထားခဲ့သောအခါ စီမံကိန်းသည် ပပျောက်ရန်ဦးတည်နေမည်ဖြစ်သည်။

၆. ဒေသရှိအရင်းအမြစ်များ၊ အင်အားများကို အသုံးပြုပါ။

၇. သင့်မှာ ဆရာတစ်ပါး၊ သင်တန်းပို့ချသူ သို့မဟုတ် ဆုံးမပဲ့ပြင်သတိပေးနိုးဆော်သူတစ်ဦး ရှိရမည်။

၈. ကျွန်တော်တို့သည် စံနမူနာများနှင့် အားပေးတိုက်တွန်းခြင်းအားဖြင့် လေ့လာသင်ယူ သည်။ ရှင်းပြချက်များသည် အမြဲတမ်းလိုအပ်သည်။

၉. မကြာခဏ ထပ်ခါတလဲလဲပြောဆိုခြင်းသည် အရေးကြီးသည်။

၁၀. အကယ်၍သင်တန်းသူ၊သားများတို့သည် လိုအပ်မှုတစ်ခုရှိလျှင် သူတို့သည် ပိုမို စိတ်အား ထက်သန်ကြသည်။

၁၁. တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် တစ်ဂဏ်သာ အလုပ်တစ်ခု ကို လုပ်သည် (ဆိုလိုသည်မှာလုပ်ရန် သင်ကြားခြင်းမဟုတ်ဘဲ  အခြားသူ တစ်ဦးဦး ၏ နေရာ တွင် တစ်ခုခု လုပ်ခြင်း) အခြားသူ တစ်ဦး၏ နေရာ တွင် တစ်ခုခု လုပ်ခြင်းသည် အလုပ်၏ တစ်စိတ်တစ်ပိုင်း ကိုသာ ပြီးမြောက်စေသည်။

၁၂. တာဂန်သည် လူတစ်ဦးအတွက် ကြီးမားလွန်လှသည်။

၁၃. တစ်စုံတစ်ခုကို အဘယ်ကဲ့သို့ ပြုလုပ်ရမည်ကို သိသောသူတစ်ဦးသည် အခြားသူများအား အဘယ်ကဲ့သို့သင်ကြားပို့ချရန်ကိုလည်းသိနိုင်သည်ဟူသည့်အချက်သည် သိသာထင်ရှားခြင်းမရှိပါ။

၁၄. သင်တန်းဆရာကိုယ်တိုင်     လုပ်ငန်းဆောင်တာကိုအဘယ်ကဲ့သို့     လုပ်ဆောင်ပြီးစီးစေရန် သိရှိရမည်။

၁၅. လေ့လာသင်ယူနေသူ၏လိုအပ်မှုအရ တစ်ဆင့်ပြီးတစ်ဆင့်လမ်းညွှန်ပေးပါ။

၁၆. ကြီးမားသောအတွေ့အကြုံတစ်ခုသည်   တစ်စုံတစ်ယောက်ယောက်ကိုမဖြစ်မနေသင်ကြားရန် မဟုတ်ပါ။

၁၇. စစ်မှန်သောကြီးထွားတိုးတက်ခြင်းသည် လူတို့အား မိမိတို့အလုပ်ကို ကိုယ်တိုင် လုပ်ရန် နှင့် သူတို့နေရာ၌လုပ်ဆောင်ပေးခြင်းမဟုတ်ဘဲကူညီရန်ဖြစ်သည်ဟူသောအချက်ကို အလေးထားရန် ဖြစ်သည်။